ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# ရွှေ့ပြောင်းလုပ်သားများ၏လူ့အခွင့်အရေးအကျိုးဆောင်နေသူတစ်ဦးအားပြစ်ဒဏ်ချမှတ်မှု အပေါ် လူ့အခွင့်အရေးသုတေသနပြုမှုဆိုင်ရာအနှောင့်အယှက်တစ်ခုအဖြစ် လွှတ်တော်အမတ်များကသတိပေး

ဂျကာတာ၊ စက်တင်ဘာလ ၂၀ ရက်နေ့။ အရှေ့တောင်အာရှဒေသမှ လွှတ်တော်အမတ်များသည် ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ၏အခြေအနေအား သုတေသနပြုခဲ့သည့် ရွှေ့ပြောင်း အလုပ်သမားများ၏အခွင့်အရေးများဆိုင်ရာအကျိုးဆောင်ဖြစ်သူ Andy Hall အား ရာဇဝတ်ကြောင်း ဆိုင်ရာအသရေဖျက်မှုအဖြစ် ပြစ်ဒဏ်ချမှတ်ခဲ့မှုကို ပြစ်တင်ပြောကြားခဲ့သည်။ လူ့အခွင့်အရေး ဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR ) မှအဖွဲ့ဝင်များက အဆိုပါပြစ်ဒဏ်ချမှတ်မှုသည် ဒေသ တစ်ဝှန်းရှိ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာအခွင့်အရေးများကို ကာကွယ်တိုက်ပွဲဝင်နေသူများ၊ သုတေသနပညာရှင်များနှင့် အခြားသောအားနည်းသည့်အဖွဲ့များအပေါ် ကြောက်ရွံ့နောက်တွန့်သွား စေမည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

"အန်ဒီဟောဟာ ထိုင်းနိုင်ငံမှာရှိတဲ့ မျက်ကွယ်ပြုခံထားရတဲ့ အလုပ်သမားတွေအခွင့်အရေးများကာကွယ် ရေးအတွက် နှစ်ရှည်လများဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ သူ့ကိုချီးကျူးရမှာပါ၊ အပြစ်ပေး၊ အမိန့် ချမှတ်ရမှာမဟုတ်ပါဘူး၊ ဒီအမှုဟာ ကြိုးကြိုးစားစားလူ့အခွင့်အရေးတွေကို ကာကွယ်နေသူတစ်ဦး အတွက်တော့ဥပဒေကြောင်းအရ နှောင့်ယှက်မှုတစ်ခုပါပဲ၊ ဒီကနေ့ဆုံးဖြတ်ချက်ဟာ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်နဲ့ကောင်းမွန်မှန်ကန်တဲ့အားပေးထောက်ခံမှုတွေအတွက် အဓိကအနှောင့်အယှက် တစ်ခုပါပဲ။" ဟုမလေးရှားလွှတ်တော်အမတ်ဖြစ်သူ၊ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ် များအဖွဲ့ (APHR ) အဖွဲ့၏ ဥက္ကဋ္ဌ Charles Santiago က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတရားရုံးတစ်ခုက ယနေ့နံနက်တွင် ဗြိတိန်နိုင်ငံသားတက်ကြွလှုပ်ရှားသူနှင့် သုတေသန ပညာရှင်အန်ဒီဟောအား အသရေဖျက်မှုအတွက် အပြစ်ရှိကြောင်းဆုံးဖြတ်ခဲ့ပြီး ဆိုင်းငံ့ထောင်ဒဏ် ၃ နှစ်နှင့် ဒဏ်ငွေ ဘတ် ၁၅၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထိုင်းနိုင်ငံ၊ Prachuap Khiri Khan ခရိုင်ရှိစက်ရုံတွင် အလုပ်လုပ်နေသည့်အလုပ်သမားများ၏အခြေအနေများကို ရေးသားထားသည့် ဖင်လန်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Finnwatch ၏ အစီရင်ခံစာကို ထုတ်ဝေခဲ့မှုကြောင့် အန်ဒီဟောကို The Natural Fruit Company ကုပ္ပဏီက ၂၀၁၃ ခုနှစ်တွင် တရားစွဲခဲ့ခြင်းဖြစ်သည်။ အန်ဒီဟောသည် အဆိုပါအစီရင်ခံစာအတွက် သုတေသနတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အလုပ်သမားများသည် စက်ရုံတွင် အလုပ်ချိန်အလွန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်း၊ လုပ်ခလစာမှာ အနိမ့်ဆုံးအဆင့်ထက် လျော့ပါး နေခြင်းတို့ အပါအဝင် မတရားပြုကျင့်နှိပ်စက်မှုများအကြောင်းကို စွပ်စွဲဖော်ပြခဲ့သည်။

"ထိုင်းနိုင်ငံအာဏာပိုင်များအနေနဲ့ အခုလိုစွပ်စွဲထားတဲ့ အလုပ်ရှင်တွေကအလုပ်သမားတွေကို မတရား ပြုကျင့်နေမှုတွေကိုစုံစမ်းဖော်ထုတ်ရမှာ ဖြစ်ပါတယ်၊ အဲဒီကိစ္စတွေကိုဖော်ထုတ်ပေးနေတဲ့ သူတွေကို လိုက်လံဖမ်းဆီးနေရမှာမဟုတ်ပါဘူး" ဟု Santiago ကပြောကြားခဲ့ပါသည်။

"မကြာခဏဆိုသလိုပဲထိုင်းနိုင်ငံမှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေဟာလက်ခံနိုင်ဖွယ်မရှိတဲ့ အခြေအနေ တွေနဲ့ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ အန်ဒီဟောဟာ အခြေခံလုံခြုံရေးအာမခံမှု ဒါမှမဟုတ် တရား စီရင်မှုကို လက်လှမ်းမီနိုင်မှုတစ်စုံတစ်ရာမရှိပဲနဲ့ နေ့စဉ်အလုပ်လုပ်နေရတဲ့ မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံ များတွေကရွှေ့ပြောင်းအလုပ်သမားသန်းပေါင်းများစွာအတွက် အဖိုးတန်တဲ့ ထောက်ပံ့ကူညီမှု ပြုလုပ် ခဲ့တာပါ၊ အန်ဒီဟောကိုသူလုပ်ခဲ့တဲ့လုပ်ရပ်တွေအတွက် အခုလိုပစ်မှတ်ထားအရေးယူတာဟာ တရား မျှတမှုကိုသွေဖည်ဆန့်ကျင်လိုက်တာပါပဲ။ ဒီလိုစီရင်ဆုံးဖြတ်မှုရဲ့ရလဒ်အနေနဲ့ သူ့လုပ်ဆောင်ချက် တွေကြောင့် ခွန်အားတွေရရှိခဲ့တဲ့လူထောင်ပေါင်းများစွာဟာ သူတို့ရဲ့လုံခြုံရေးအတွက် ထိတ်လန့် ကြောက်ရွံ့ပြီး စိတ်ပျက်ကုန်မှာပါ။"

အန်ဒီဟောကိုချမှတ်တဲ့ပြစ်ဒဏ်အပေါ်ဝေဖန်လျက် APHR သည် ထိုင်းနိုင်ငံနှင့် အခြားအိမ်နီးချင်းနိုင်ငံ များရှိ ရာဇဝတ်ကြောင်းအရ အသရေဖျက်မှုဆိုင်ရာများကိုပြင်ဆင်ရန်နှင့် လူ့အခွင့်အရေးကာကွယ်သူများ အား ဆန့်ကျင်ဟန့်တားမှုများကိုအဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

"နိုင်ငံတစ်ဝှန်းရှိ ရာဇဝတ်ကြောင်းအရ အသရေဖျက်မှုဆိုင်ရာဥပဒေများကိုပြင်ဆင်ဖို့လိုပါတယ်၊ ကုမ္ပဏီ တစ်ခုကို ဒါမှမဟုတ် တစ်ဦးတစ်ယောက်ကို ဂုဏ်သိက္ခာထိခိုက်အောင်လုပ်မိတဲ့အတွက် ထောင်နန်းစံမြန်း ရမယ်ဆိုတာအဓိပ္ပါယ်မရှိပါဘူး၊ ဒီလိုပြစ်ဒဏ်တွေဟာ မသင့်လျော်သလို နိုင်ငံတကာကလက်ခံထားတဲ့ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ပြောဆိုခွင့်ဆိုင်ရာ အခြေခံမူတွေနဲ့လည်း မကိုက်ညီပါဘူး" ဟု Santiago က ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံအများအပြားတွင် ရာဇဝတ်ကြောင်းအရ အသရေဖျက်မှုဆိုင်ရာဥပဒေစာအုပ်များ ရှိပြီး ယင်းတို့ကို လူ့အခွင့်အရေးကာကွယ်သူများအားစုံစမ်းဖမ်းဆီးရာတွင် အသုံးပြုခဲ့ကြသည်။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ဆိုင်ရာ ကျိုးကြောင်းခိုင်လုံသောတားမြစ်ချက်များ မပါရှိသည့်အတွက် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများက ရာဇဝတ်ကြောင်းအရ အသရေဖျက်မှု ဆိုင်ရာဥပဒေများကိုဖျက်သိမ်းရန်တောင်းဆိုခဲ့ကြသည်။